# <u>မြန်မာနိုင်ငံတွင်း ဖြစ်ပွားခဲ့သောဘာသာရေး၊လူမျိုးရေး အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍</u>
# <u>ဘာသာပေါင်းစုံလူငယ်များနှင့်</u>
# <u>မြန်မာ့အရေးဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများမှသဘောထားထုတ်ပြန်ကြေငြာချက်</u>

*၂၀၁၃ခုနှစ်၊မေလ၊၁၅ရက်(အင်္ဂါနေ့)*

၁။ ။။ကျွန်ုပ်တို့မြန်မာနိုင်ငံ၏အထွဋ်အမြတ်ဖြစ်သည့်နိုင်ငံတော်အလံကိုမည်သည့်အကြောင်းဖြင့်ဖြစ်စေ နိမ့်ချစော်ကားသောမည်သည့်အပြုအမူမဆိုကျွန်ုပ်တို့ဘာသာပေါင်းစုံလူငယ်များမှလုံးဝဆန့်ကျင် ရှုံ့ချကြောင်းအသိပေးကြေငြာအပ်ပါသည်။

၂။ ။အစ္စလာမ့်ကုရ်အာန်ကျမ်းလာဂျီဟာဒ်အမည်အားအလွဲသုံးစားပြုကာပြည်ပမှအကြမ်းဖက်မှုများလုပ်ဆောင်ရန်နှိုး ဆော်ခြင်းကိုမြန်မာနိုင်ငံသားအစ္စလာမ်ဘာသာဝင်လူငယ်များအပါအဝင်ဘာသာပေါင်းစုံလူငယ်များအနေဖြင့်လုံး ဝ(လုံးဝ)လက်မခံပါ။

၃။ ။ဗုဒ္ဓ၏အဆုံးအမကိုဆန့်ကျင်ကာအကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ခြင်း၊အကြမ်းဖက်ရန်နှိုးဆော်ခြင်းကို မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်လူငယ်များအပါအဝင်ဘာသာပေါင်းစုံလူငယ်များအနေဖြင့်လုံးဝ(လုံးဝ)လက်မခံ ပါ။

၄။ ။မြန်မာနိုင်ငံရှိဘာသာပေါင်းစုံလူငယ်များနှင့်အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်မည်သည့်အကြမ်းဖက်မှုကိုမှမ လိုလားသဖြင့်မြန်မာနိုင်ငံ၏တရားဥပဒေအောက်တွင်ဘာသာလူမျိုးမခွဲခြားဘဲတန်းတူအခွင့်အရေးရရှိနိုင်ရန်နှင့် တရားဥပဒေစိုးမိုးရေးကိုပိုမိုအလေးထားဆောင်ရွက်ပေးပါရန်သက်ဆိုင်ပုဂ္ဂိုလ်များအားတောင်းဆိုသည်။

၅။ ။ပြည်တွင်းပြည်ပမှမြန်မာနိုင်ငံအတွင်းဘာသာရေး၊လူမျိုးရေးအကြမ်းဖက်မှုများပိုမိုဆိုးရွားစေရန်နည်းအမျိုးမျိုးဖြင့် ရည်ရွယ်လုပ်ဆောင်သူများနှင့်အဆိုပါပုဂ္ဂိုလ်များ၏လှုံ့ဆော်သောလှုပ်ရှားမှုမှန်သမျှကိုဘာသာပေါင်းစုံလူငယ် များမှလုံးဝဆန့်ကျင်ရှုံ့ချသည်။

၆။ ။မိမိတို့သက်ဆိုင်ရာဘာသာ၊သာသနာကိုထိန်းသိမ်းသော၊သက်ဆိုင်ရာဘာသာ၏အဆုံးအမကိုလိုက်နာသော၊ ငြိမ်းချမ်းစွာနေလိုသူရဟန်း၊ရှင်၊လူ၊ပြည်သူများနှင့်ဘာသာအသီးသီး၏ဘာသာရေးဆိုင်ရာခေါင်းဆောင်များ၊လူ ငယ်များကိုလုံးဝထောက်ခံပြီးတသားတည်းတည်ရှိနေကြောင်းအသိပေးကြေငြာအပ်ပါသည်။

၇။ ။အကြမ်းဖက်ဖျက်ဆီးမှုများတွင်ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်ဖန်တီးနေသူများအားအမြန် ဆုံးဖော်ထုတ်အရေးယူပေးပါရန်သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအားလေးနက်စွာတောင်းဆိုအပ်ပါသည်။

# ပူးပေါင်းပါဝင်သောအရပ်ဖက်လူမှုအဖွဲ့အစည်းများ

| | | | |
|---|---|---|---|
| 1. | American Center Interfaith Club (ACIC) | 25. | Rainfall Gender Support Group |
| 2. | Brave New Burma | 26. | Safety Net |
| 3. | Burma Partnership | 27. | Smile Education |
| 4. | Chin Youth Forum | 28. | Spectrum Sustainable Development Knowledge Network(Spectrum SDKN) |
| 5. | Community Management Center | 29. | Triangle Women Support Group |
| 6. | Community Response Group(Com Reg) | 30. | Vatan Resource Center |
| 7. | CSOs-IFI-Watch-Myanmar | 31. | Volunteer Action Group(VAG) |
| 8. | Gender and Development Initiative-Myanmar | 32. | Women Organization Network |
| 9. | Interfaith Youth Coalition on Aids in Myanmar (IYCA-Myanmar) | 33. | Yangon Youth Network |
| 10. | Kachin Peace Network | 34. | Youth Resource Development Programme (YRDP Myanmar) |
| 11. | Kachin Women Peace Network | 35. | ကဗျာချစ်သူများအသင်း |
| 12. | Mizzima Youth Network(MYN) | 36. | ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့ |
| 13. | Myanmar Environment & Social Network | 37. | ခေတ်သစ်လူငယ် |
| 14. | Myanmar ICT Development Organization(MIDO) | 38. | ဇမ္ဗူသိရိ |
| 15. | Myanmar Muslim Students Youth(MMSY) | 39. | ပန်းပျိုးလက် |
| 16. | Myanmar Youth Contributive Organization(MYCO) | 40. | မေတ္တာ Campaign |
| 17. | Myanmar Youth Empowerment Programme (Myanmar Y.E.P) | 41. | ရွှေခြင်္သေ့ |
| 18. | Myanmar Youth Resource Society(MYRS) | 42. | သိက္ခာမြန်မာ |
| 19. | National Good-governance Individuals(NGI) | 43. | သွေးမေတ္တာပရဟိတအဖွဲ့(ရန်ကုန်) |
| 20. | Peace Cultivation Network(PCN) | 44. | အစ္စလာမ့်တံခွန် |
| 21. | Peace Machine Group | 45. | အလင်းစေတမန် |
| 22. | Pray For Myanmar | 46. | အဖြူရောင်တွဲလက်များ |
| 23. | Public Welfare Network | 47. | အဖြူရောင်ရောဝတီလူငယ်များ |
| 24. | Radiance Alliance For Social Care | 48. | အောင် Network |

မိတ္တူကို-

၁။ ။နိုင်ငံတော်သမ္မတရုံး
၂။ ။ပြည်ထောင်စုလွှတ်တော်
၃။ ။နိုင်ငံရေးပါတီများ
၄။ ။နိုင်ငံတကာသံရုံးများ
၅။ ။United Nations Representative Office
၆။ ။ သတင်းမီဒီယာများ